# သံဝေဂ

ဂျီအောင် ရေးသည်



# သံဝေဂ

ရန်အောင်-ရေးသည်

ပန်းချီသရုပ်ဖော်-ဦးမျိုးဝင်း

စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်

ဟေသာ ယုမ္ဘန်

## ၁၉၆၂ - ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ(မှတ်ပုံတင်)အက်ဥပဒေပုဒ်မ-၇ (၁) အရ၊ ပေးအပ်သော ဝန်ခံချက်များ

အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်တော် ဦးမြတ်စိုး သည် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေ၏ ဒုတိယဇယားတွင် ဖော်ပြထားသည့် အောက်ပါ ဝန်ခံချက်များနှင့်အညီထာဝစဉ် ဆောင်ရွက်ရန် ကတိခံဝန်ချက် ပြုပါ သည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ပါရှိသော မူလအခွင့်အရေးများကို ပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသောမည်သည့် အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို မည်သည့်အခါမျှ မပြုပါ။

(ခ) ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုကိုသော်၎င်း၊ ယုံကြည်မှုကိုသော်၎င်းမည်သည့်အခါမျှ မပုတ်ခတ်၊ သို့တည်းမဟုတ် မရှုတ်ချပါ။

(ဂ) နိုင်ငံရေးအာဏာကို လက်နက်ဖြင့် သိမ်းယူရန် မည်သည့်ရှေ့ရှုချက်၊ သို့တည်းမဟုတ် ကျင့်သုံးချက်မျိုးကိုမဆို မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံတွင် မည်သို့သော နိုင်ငံရေးအာဏာရှင် စံနစ်မျိုးကိုမဆို ရှေ့ရှုရန်၊ တည်ထောင်ရန်၊ သို့တည်းမဟုတ် ကျင့်သုံးရန်၊ မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(င) အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများထားရှိခွင့်ပြုသော ပါလီမန်ဒီမိုကရေစီ စံနစ်ကို ပျက်ပြားစေရန်ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသော မည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို၊ မည်သည့် အခါမျှ မပြုပါ။

(စ) လျှို့ဝှက်ရဲအဖွဲ့ ( Secret Police ) ဖွဲ့စည်း၍ စိုးမိုးအုပ်ချုပ်သည့် စံနစ်မျိုး တည်ထောင်ခြင်းကိုသော်၎င်း၊ တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခြင်းကိုသော်၎င်း၊ မည်သည့်အခါမျှ အကြံပေးခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(ဆ) အခြားနိုင်ငံတခုခုမှဖြစ်စေ၊ နိုင်ငံခြားသားများထံမှဖြစ်စေ၊ ရံပုံငွေအတွက် ငွေကြေး၊ သို့တည်းမဟုတ် ပစ္စည်းအကူအညီ၊ အထောက်အပံ့ကို မှတ်ပုံတင် အာဏာပိုင်၏ ကြိုတင်သဘောတူခွင့်ပြုချက်မရဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်အခါမျှ လက်ခံခြင်းမပြုပါ။

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ မူများကို ဆန့်ကျင်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို မည်သည့်အခါမျှ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်းမပြုပါ။

ဆိုင်းဘုတ်အမည် စာပေဗိမာန်

(signature)

ထုတ်ဝေသူ၏လက်မှတ်

ဆိုင်စာအပြည့်အစုံ ၃၆၁ - ပြည်လမ်း၊ ရန်ကုန်မြို့

# သံဝေဂ

ကျောင်းလွှတ်လိုက်ပြီ ဖြစ်သဖြင့် ကျောင်းသားများ ဆရာ-ဆရာမများသည် တစုတရုံးတည်း ပြန်သွားကြလေရာ၊ ကျောင်းပေါ်တွင် ကျွန်တော်တယောက်တည်း ကျန်ရစ်ခဲ့လေတော့သည်။

တနေ့လုံးပင် ဆူဆူညံညံ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့သောကျောင်းမှာ တိတ်ဆိတ်ငြိမ်သက်လျက် အသက်မဲ့သည့် သဖွယ် ဖြစ်နေသည်ကိုတွေ့ရသောအခါ မမြဲသော သင်္ခါရသဘောတရားကို စဉ်းစားထင်မြင်မိသည်။

ကျွန်တော်သည် ကျောင်းဝရံတာတွင် ကုလားထိုင်တလုံးဖြင့်ထိုင်၍ တောင်စူးစူး အရပ်သို့ ငေးမျှော် ကြည့်ရှုနေမိ၏။ မိုးရာသီအတွင်းက မြရည်လိမ်းသကဲ့သို့ စိမ်းလန်း စိုပြေသော စပါးပင်တို့ဖုံးလွှမ်းရာ လယ်ကွင်းကြီးမှာ ယခုအခါတွင် လဟာပြင် လွင်တီးခေါင်ဖြစ်လျက် ရိုးပြတ် ငုတ်ကလေးများကိုသာ မြင်ရတော့သည်။ ဤစပါးပင်များ၏ အဖြစ်သနစ်ကား လူတို့၏ဘဝနှင့် တူလှစွာ၏။

လူအပေါင်းတို့သည် ပျိုရွယ်စဉ်ပင် ပျော်ကြရွှင်ကြ ကြည်နူးကြသည်မှာ မိုးရာသီအတွင်း စပါးပင်များ စိမ်းလန်းစိုပြေ ယိမ်းနွဲ့၍နေသည်နှင့်တူလှ၏။ မိုးရာသီ ကုန်မြောက်၊ ဆောင်းရာသီ အရောက်တွင် စပါးပင်တွေသည် ရိတ်ဖြတ်ခြင်း ခံရသလို၊ လူများမှာလည်း သက်ကြီးရွယ်အိုသို့ ရောက်လတ်သောအခါ သေမင်း၏ ထက်လှစွာသော တံစဉ်ဖြင့် ရိတ်ဖြတ်ခြင်းခံရကာ ရိုးဖြတ်ငုတ် ပမာ အရိုးစုသာ ကျန်လေတော့သည်တကား။

တနေ့လုံး စည်ကားကြွက်ညံ၍နေခဲ့သောကျောင်းသည် တိတ်ဆိတ်ငြိမ်သက်၍နေသလို၊ တမိုးတွင်းလုံး စိမ်းစို သာယာခဲ့သော စပါးပင်တို့သည် ရိုးပြတ်ငုတ်မျှသာ ကျန်တော့သလို၊ ကျွန်တော့် ဘဝမှာလည်း ဤအတိုင်းပင် ဖြစ်ပေတော့သည်သာတည်း။

ကျွန်တော်သည် အတိတ် ဖြစ်စဉ်ကို ပြန်လည်တွေးတော ကြည့်နေမိသည်။

× × × ×

ဒလမြို့အနီး၊ ဇ နံပတ်ရွာကလေးတွင် ကျွန်တော်ကျောင်းဆရာလုပ်ခဲ့သည်။ ကျွန်တော့်မှာ တကိုယ်ရေ တကာယသမားဖြစ်ရာ ပျင်းရိ ငြီးငွေ့မိလျက် တစုံတရာလို၍ နေသလို၊ ဟာ၍နေသလို ဖြစ်တော့သည်။

တနေ့သော ညနေတွင် မိုးတွေ ရွာ၍နေသဖြင့် ကျွန်တော် တယောက်တည်း အိမ်ခန်းတွင်းမှာ ကုပ်၍နေစဉ် တစုံတယောက် ဝင်လာသဖြင့် ကျွန်တော့်မှာ အံ့အားသင့်ကာ မျက်လုံးပြူးသွားမိတော့သည်။

လှပသော မိန်းမပျိုတယောက်ဖြစ်၏။ ကျွန်တော် တခါမျှ မမြင်ဘူးသူလည်း ဖြစ်၏။


"မြန်းကနဲ မိုးရွာချလိုက်လို့ မိုးဝင်ခိုတာပါ" ဟု မိန်းမပျိုက ပြောသည်။

ကျွန်တော်က နေရာထိုင်ခင်း ပေးကာ စကားစမြည် ပြောသည်။ ကျွန်တော် သိလိုသည်များကို မေးသည်။

ထိုမိန်းမပျိုမှာ သုံးခွမြို့အနီး ကဒပ္ပနရွာမှဖြစ်၏။ ကျွန်တော် နေသည့် ဇနံပတ်ရွာတွင် မိန်းမပျို၏ အမရှိသဖြင့် အလည်အပတ်လာခြင်း ဖြစ်ကြောင်း သိရသည်။

ကျွန်တော်နှင့် မိန်းမပျို အတော်ကြာ စကားပြော၍ နေကြ၏။ သူ့ရုပ်ဆင်းသဏ္ဌာန်မှာ ချစ်ခင် ကြင်နာဖွယ်ကောင်းလှသည်။ သူ့အသံမှာ သာယာလှ၏။ သူ့ကိုမြင်ရတွေ့ရ၊ သူ့အသံကိုကြားရသော ကျွန်တော့်မှာ သူ့အား ချစ်ခင် စွဲမက်မိလေတော့သည်။

ထိုနေ့မှစ၍ ကျွန်တော်၏ ပျင်းရိငြီးငွေ့ဖွယ်ဘဝမှာ သာယာ



စိုပြေလာသယောင် ဖြစ်ရတော့သည်။ ကျွန်တော် နေသည့် ၆ နံပတ် ရွာကလေးသည်ပင်လျှင် ရွေးကနှင့်မတူ နေချင့်စဖွယ် ပျော်မွေ့ဖွယ်ရာ ဖြစ်လာသည်ဟု ထင်မိတော့၏။

မိန်းမပျို၏ အမမှာ ကျွန်တော်နှင့် ရင်းနှီး ခင်မင်သူဖြစ်ရာ ကျွန်တော့်ဆန္ဒကို ပြောပြသည်။ သူကလည်း သဘောတူသည်။ ထိုကြောင့် မကြာမီပင်လျှင် မိန်းမပျိုနှင့် ကျွန်တော်မှာ သမီးရည်းစား ဖြစ်ကြတော့သည်။

ငယ်ရွယ်သေးသူပီပီ လွန်စွာပျော်မွေ့ နှစ်သိမ့်မိ၏။ မိန်းမပျိုနှင့်ကျွန်တော်တို့ မကြာခဏ တွေ့ကြ-ဆုံကြ- ကလူကျီစယ်ကြရသည်များကို စိတ်ဝမ်းချမ်းမြေ့ ပျော်မွေ့လှလျက် ပီတိသောမနဿ ဖြစ်၍မဆုံး ရှိလေတော့သည်။

ထိုအခိုက်တွင် အညာဒေသ၊ ဆင်ပေါင်ဝဲတွင် နေကြသော ကျွန်တော့်မိဘများက ကျွန်တော့်ကို သံကြိုးရိုက်၍ ခေါ်လေတော့သည်။

"ထလွန်းလျှင် ထိုင်ရသည်" ဟူသော စကားပုံကား မှန်လှစွာ၏။

အပျော်ကြီးပျော်၊ အမြူးကြီး မြူးခဲ့သော ကျွန်တော်မှာ မိဘတဦးဦး အသည်းအသန် မကျန်းမမာ ဖြစ်နေချေပြီဟု တွေးကာ ဆင်ပေါင်ဝဲသို့ ချက်ခြင်းလာခဲ့သည်။

မိဘများ ကျန်းမာလျက်ရှိကြောင်း တွေ့ရသည့်အခါ ကျွန်တော် အံ့သြရပြန်သည်။

ပို၍သြအံ့ဖွယ်ကောင်းသည်မှာကား မိဘများသည် ကျွန်တော်နှင့် သင့်တော်မည် ထင်သူ မိန်းကလေးတဦးနှင့် လက်ထပ်ပေးရန် စီစဉ်ကြခြင်းပင် ဖြစ်သည်။

ခက်ချေပြီ။ မိဘစကားကိုလည်း မပစ်ပယ်လို။ ဖ နံပတ်ရွာတွင် ကျန်ရစ်ခဲ့သူ ကျွန်တော့် ရည်းစားကိုလည်း သစ္စာမဖောက်လို။ နှစ်ယောက်စလုံးကို လက်ထပ်၍လည်း ဖြစ်မည့် ကိစ္စမျိုးမဟုတ်။ ထို့ကြောင့် ကျွန်တော့်မှာ အတွေးခက်၊ အလုပ်ကျပ်ကာ စိတ်မချမ်း မသာ ဖြစ်ရတော့သည်။

နောက်ဆုံးတွင်ကား မိဘများ၏ စကားကို ငြင်းပယ်ရတော့သည်။ ယင်းသို့ငြင်းပယ်ရာတွင် "ကျွန်တော့်မှာ ရည်းစားရှိနေပြီ" ဟူ၍ကား မပြောဝံ့။ ယင်းသို့ပြောလျှင် မိဘများက ပြန်မလွှတ်ဘဲ သူတို့ သဘောတူသည့် မိန်းကလေးနှင့် အတင်း ပေးစားမည်ကို စိုးရပေသေးသည်။

ထို့ကြောင့် "ကျွန်တော် သားမယား မယူချင်သေးပါဘူး။ သားမယားယူဘို့ကိစ္စကို စဉ်းစားပါရစေအုံး" ဟု မလိမ့် တပတ်ပြောရသည်။

ကျွန်တော်ဆင်ပေါင်ဝဲမှ ဖ နံပတ်ရွာသ ပြန်ခါနီးတွင် ကျွန်

တော်ရည်းစားထံ စာတင်ကြိုရေးသား၏။ရန်ကုန်တွင် ကျွန်တော်တို့နှစ်ဦး ဆုံရန် ဖြစ်လေသည်။

ကျွန်တော် ဆင်ပေါင်ဝဲမှ ပြန်လာသောအခါ ရန်ကုန်တွင် ကျွန်တော်၏ ရည်းစားနှင့် ဆုံတွေ့သည်။ ဖနံပတ်ရွာသို့ မသွားကြဘဲ အင်းစိန်အနီး ထန်းတပင်မြို့သို့သွားကာ ထိုမြို့တွင် အိမ်ငှါး နေထိုင်ကြသည်။

ကျွန်တော် ဖနံပတ်ရွာသို့ ရောက်သောအခါ ကျွန်တော့်မှာ မိန်းမ ရနေပြီဖြစ်ကြောင်း မသိကြ။ယင်းသို့ မသိအောင်လည်း ဖုံးဖိထားရသည်။ကျွန်တော် မိန်းမ ရနေကြောင်း ကျွန်တော့်မိဘများသိကြလျှင် စိတ်မကောင်း ဖြစ်မည် စိုးသောကြောင့်ဖြစ်၏။

ထိုအခါတွင် ဖ နံပတ် ရွာသူရွာသားများက သူတို့ရွာသူကလေးတယောက်ကို ယူရန် ကျွန်တော့်ကို နားချကြပြန်သည်။

ကျွန်တော့်အဖြစ်ကား ဆန်းကြယ်လှစွာ၏။ ရယ်ဖွယ်လည်းကောင်းပါ၏။ ဆင်ပေါင်ဝဲ၌ မိဘများပေးစားသော မိန်းကလေးကိုလက်ထပ်ကာ ဆင်ပေါင်ဝဲတွင်ပင် ထားခဲ့နိုင်သည်။ ထို့နောက် ကျွန်တော့် ရည်းစားကိုယူကာ ထန်းတပင်တွင် ထားမြဲထားနိုင်၏။ တဖန် ဖ နံပတ် ရွာသူကလေးကိုလည်း ယူနိုင်ပေသည်။ကျွန်တော်သာ ရှုပ်ရှုပ်ပွေပွေ လုပ်ချင်သူ ဖြစ်ပါက ဤသို့ပင် မယား ၃ ယောက် တပြိုင်နက်တည်း ယူနိုင်အောင် အခြေအနေကဖန်တီး

ပေးခဲ့၏။ သို့သော် ကျွန်တော်သည် ရည်းစားဦးကို သစ္စာမဖောက် ကတိမဖျက်ဘဲ သူတဦးတည်းကိုသာ ယူခဲ့၏။ သူ့ကိုယူရပါမည်လားဟု မိဘများက စိတ်ဆိုးကြသည်။ ၆ နံပတ် ရွာသူရွာသားများက ဖြင်ပြိုကြသည်။

ယင်းသို့စိတ်ဆိုး ဖြင်ပြိုခံကာ ကျွန်တော်စွန့်စားယူငင်ခဲ့သော ဇနီးကား ကျွန်တော့်ကို အကြီးအကျယ် သစ္စာဖောက်လေတော့သတည်း။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ကျွန်တော်တို့ ဇနီးမောင်နှံသည် ထန်းတပင်တွင် နေကြ၏။ ကျောင်းဖွင့်ရက်များတွင် ကျွန်တော်သည် ၆ နံပတ်ရွာတွင် နေရလျက် ကျောင်းပိတ်ရက်များတွင် ဇနီးရှိရာ ထန်းတပင်သို့ သွားရသည်။

ကျွန်တော့် ခြေလှမ်းပျက်သည်ကို ရိပ်မိကြသော ၆ နံပတ်ရွာသူရွာသားများသည် ကျွန်တော့်ကို အမျိုးမျိုးထင်ကြေးပေးကြ၏။ စုံစမ်း ထောက်လှမ်းကြ၏။

ကျွန်တော် မိန်းမယူကာ တနေ့ရာရာတွင် ထားကြောင်း ရိပ်မိလာကြ၏။ ကြာသော် အတတ်သိလာကြသည်။ အချိန်ကာလဟူသည် ထူးမြတ်သော ဆေးတပါးပါပေတကား။ ကျွန်တော်သည် မိဘ ပေးစားသော မိန်းကလေးကိုမယူ၊ အခြားသူကိုယူကြောင်း မိဘများ လောလောဆယ် သိကြလျှင် မိဘကလည်း အကြီးအ

ကျယ်စိတ်ဆိုးမည်။ဖ နံပတ် ရွာသူရွာသားများကလည်း မုန်းတီး ရှံရှာကြပေမည်။သို့သော် တဖြည်းဖြည်းရိပ်မိကာ အချိန်ကာလ ကြာမြင့်မှ သိကြရသော အခါဘွင်ကား အမှုလွန်ပြီဖြစ်သော ကြောင့် ဆူဆူပူပူ မဖြစ်တော့ဘဲ ခွင့်လွှတ်ကြရလေတော့သည်။

ကျွန်တော်တို့ ဇနီးမောင်နှံသည် ဖ နံပတ်ရွာသို့ ပြောင်းရွှေ့ ကာ ပျော်မွေ့စွာ နေထိုင်ကြ၏။ ယင်းသို့ပင် တသက်ပန်လုံး နေထိုင်သွားကြရလိမ့်မည်ဟုလည်း မျှော်လင့်မိ၏။ အချိန်ကာလ နှစ်ပရိစ္ဆေဒ ကုန်လွန်ကြာမြင့်ခဲ့ကြသည်။ မည်သည့် အနှောင့်အ ယှက် အဆီးအတားမျှ မရှိတော့သဖြင့် ကျွန်တော်တို့ ဘဝမှာ သာယာ ပျော်မွေ့ နေလေတော့သည်။ သို့သော် ဘဝ ဟူသည် ပင်လယ်ရေပြင်ပမာ အမြဲငြိမ်သက် သာယာခြင်း မရှိချေတကား။

တနေ့တွင် ကျွန်တော့်မှာ အရေးကြီးသော ကိစ္စတရပ်ပေါ် ပေါက်လာသည့်အတွက် တောင်ငူမြို့သို့ သွားရ၏။ တောင်ငူတွင် ၅ ရက်ခန့် နေပြီးနောက် ဇနီးထံသို့ ပြန်ခဲ့သည်။

တောင်ငူတွင် မိတ်ဆွေသင်္ဂဟများထံသို့ အကျိုးအကြောင်း စာရေးရန်အတွက် စာရေးစက္ကူကပ်ကိုယူ၍ စာရေးမည်ပြုသော အခါ စာရေးစက္ကူကပ်၏ မင်နှိပ်စက္ကူပေါ်တွင် ထူးဆန်းသော အမှတ်အသားများ တွေ့ရတော့သည်။

ဖြစ်ပုံမှာကား တစုံတယောက်သည် မင်နှိပ်စက္ကူပေါ်တွင် စာ

ရှက်ကိုတင်ကာ ခဲတံဖြင့် စာတစောင်ရေး၏။ ယင်းသို့ ရေးသည့် စာများသည် မင်နှိပ်စက္ကူပျော့ပျော့ပေါ်တွင် အရေးအကြောင်းများ ထင်ကျန်ရစ်တော့သည်။

ထိုမင်နှိပ်စက္ကူပေါ်မှ ရေးရာခြစ်ရာများကို သေချာစွာ ဖတ်ကြည့်သောအခါတွင်ကား ကျွန်တော် ထိတ်လန့် အံ့ဩမိတော့သည်။ ကျွန်တော် မည်သည့်အခါကမျှ မမြော်လင့်မိသော ကိစ္စဆိုးကြီးတရပ် ပေါ်ပေါက်ချေပြီတကား။

ကျွန်တော် မရှိသည့်အခိုက်တွင် ကျွန်တော့်ဇနီးသည် အခြားယောကျ်ားတယောက်နှင့် ဖောက်ဖောက်ပြန်ပြန် ကျင့်ကြံလော်မာနေကြောင်းကို မင်နှိပ် စက္ကူပေါ်က ရေးရာ ခြစ်ရာများက အထင်အရှား သက်သေခံ၍ နေလေတော့သည်။

ကျွန်တော့်မှာ ဒေါသထွက်ခြင်း၊စိတ်မချမ်းသာခြင်း မခံမရပ်နိုင်ခြင်းများ ပေါ်ပေါက်ကာ အရူးပမာ ဖြစ်ရလေတော့သည်။

ကျွန်တော့်ဇနီးကိုခေါ်၏။ သူ့အမကိုလည်း ခေါ်၏။ ကျွန်တော့်တပည့် လက်ထောက်ဆရာကိုလည်း ခေါ်၏။ ထို့နောက် မျက်နှာစုံညီ ရှင်းလင်း တင်ပြရတော့သည်။

ကျွန်တော့်ဇနီးကား မျက်ရည်တွေတွေကျကာ ငိုယိုနေသည်မှတပါး ဘာစကားမျှ ပြန်မပြောနိုင်တော့ချေ။ လက်ဆုပ်လက်ကိုင် မိနေချေပြီ မဟုတ်ပါလား။



ကျွန်တော်သည် ဇနီးအား ထ၍သတ်ပစ်ချင်စိတ်ပင် ပေါ်မိ၏။ စိတ်လည်း အနာကြီးနာမိ၏။

ကျွန်တော်ကား သူ့အပေါ်တွင် အစွမ်းကုန် သစ္စာရှိခဲ့သည်။ မိဘပေးစားသော မိန်းကလေးကို မယူဘဲ မိဘများ စိတ်မကောင်းအောင်ပြုခဲ့သည်။ ရပ်ရွာက သဘောတူသည့် မိန်းကလေးကိုငြင်းပယ်ကာ ရပ်ရွာကို ဂရုမစိုက်ပြုခဲ့သည်။ ထိုဝတ်တွေ လည်းလေပြီတကား။

ကျွန်တော်သည် ဒေါသကို မချုပ်တည်းနိုင်တော့ဘဲ ဇနီးအား အိမ်မှ နှင်ချ လိုက်တော့သည်။

ကျွန်တော်တယောက်တည်း ကျန်ရစ်သောအခါတွင်ကား မနေတတ် မထိုင်တတ် ဖြစ်ကာ ဇနီးအား လွမ်းဆွတ် သတိရပြန်တော့၏။ သူနှင့်ချစ်ခင်ကြည်နူးခဲ့ကြသည်များကို တွေးကာ တသသ ဖြစ်မိတော့သည်။ သူ၏ အပြစ်အနာများကို တွေးမိပြန်သောအခါ နာကြည်းမုန်းတီးမိပြန်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ချစ်ခင်ကြင်နာလှသဖြင့် မိဘနှင့် မိတ်သင်္ဂဟတို့၏ အငြင်အငြိုခံကာ ကြိုးကြိုးပမ်းပမ်း ယူခဲ့သော မယားဖြစ်သည့်အတွက် နှစ်မြောတသ ယူကျုံးမရဖြစ်မိလေတော့သည်။

လအနည်းငယ်ခန့် ကြာသွားသောအခါတွင်ကား ကျွန်တော့်

မှာ လွှမ်းဆွတ်တမ်းတ သတိရလှသည့်စိတ်ကို မမျိုသိပ် မအောင့်အည်း နိုင်တော့သည့်အတွက် သူ့သတင်းကို မေးမြန်းစုံစမ်းကာ သူ့ထံ လိုက်သွားမိတော့သည်။

ကျောက်တန်းမြို့သို့လာခဲ့၏။ ကျောက်တန်းမှ သမ္ပန်ကလေးစီးကာ ဘော်ဂလွတ်ဟူသော ရွာသို့ ရောက်ခဲ့သည်။ ဘော်ဂလွတ်သို့ ရောက်သောအချိန်ကား ညသန်ကောင်ယံအချိန် ဖြစ်လေရာ တရွာလုံးတိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ အိမ်အားလုံးသည်လည်း တံခါးပိတ်ကာ လူသူတစုံတယောက်ကိုမျှ မတွေ့မမြင်ရဖြစ်တော့သည်။

ကျွန်တော် ကြံရာမရဖြစ်နေစဉ် အလည်ကြိုးရာမှ ပြန်လာဟန်တူသော ကာလသားတယောက်ကို တွေ့ရသည့်အတွက် အကျိုးအကြောင်း ပြောပြ မေးမြန်းသောအခါတွင်မှ ကျွန်တော့်ဇနီး နေထိုင်သည့်အိမ်ကို သိရတော့သည်။

ကျွန်တော်သည် အိမ်တံခါးကိုခေါက်ကာ အပြင်မှခေါ်၏။ ကျွန်တော့်ဇနီးက တံခါးဖွင့်၍ပေး၏။

ကျွန်တော်က သတိရသဖြင့် လာခြင်းဖြစ်ကြောင်း ပြောပြကာ သူ၏ နေရေးထိုင်ရေးများကို မေးကြည့်သည်။

သူကား ကျွန်တော့်ကို ကြည့်ကာ ချုန်းချ၍ ငိုလေတော့သည်။ ကျွန်တော့်မှာလည်း ရင်ထဲဘွင်ဆို့ကာ မျက်ရည် ဝဲမိ၏။



သို့သော်.... ကျွန်တော်တို့ကား ဤဘဝ ဤမျှသာ ပေါင်းသင်းဘို့ ကံကြမ္မာ ဖန်တီးချေပြီတကား။

အကြောင်းမူကား သူသည် ယခုအခါတွင် ကျွန်တော်၏ဇနီးမဟုတ်တော့။ကျွန်တော်၏ ဇနီးဟောင်းသာ ဖြစ်ပေတော့သည်။ တနည်းဆိုရလျှင် အတိတ်ဘဝက တော်ခဲ့ဘူးသော ဇနီးသာလျှင်ဖြစ်၏။ ယခုပစ္စက္ခတွင်ကား သူသည် အခြားသူတဦး၏ ကာမပိုင်မယား ဖြစ်နေချေပြီတကား။

ကျွန်တော် တပ်ခေါက်၍ ပြန်ခဲ့ရတော့သည်။

သူနှင့်အတူနေထိုင်ခဲ့သည့် ဖ နံပတ်ရွာတွင်လည်း မနေချင်တော့သဖြင့် ကမာကဆစ်ရွာသို့ ပြောင်းရွှေ့ အလုပ်လုပ်ယင်း ရှေးဟောင်းနှောင်းဖြစ်တွေကို တွေးကာဆွေးကာ လွမ်းနာကျ၍ နေမိပေတော့သတည်း။

× × × ×

"ဆရာ....ဆရာ့အမေ လာနေတယ်"

တပည့်တယောက်က ပြောလှာသဖြင့် ကျွန်တော်၏အတွေးသည် ရပ်၍သွားတော့၏။ "အမေ" ဟူသော အသံကိုကြားလိုက်ရသည့်အတွက် အားတက် ဝမ်းမြောက်သွားကာ လျင်မြန်စွာပင်ကျောင်းပေါ်မှ ဆင်းခဲ့လျက် အမေ့ထံ ပြေးလာမိသည်။

အမေသည် ကျွန်တော့်ကို မြင်သောအခါ မျက်ရည်ကလေး တဝမ်းစမ်းဖြင့် ဆီးကြိုလင့်၏။

"ငရန်ရယ်.... နင့်မှာ ဖြစ်လိုက်မှဖြင့် ဟိုးလေးတကျော်ချည့် ဘဲ၊ နင့်အကြောင်း ကြားရလို့၊ အမေချက်ခြင်း ထလာခဲ့တာ" ဟု အမေက ဝမ်းနည်းလှိုက်လှဲသံဖြင့် ပြောရှာသည်။

"အစ်မတို့ကို ဘယ်သူ ပြောပြသလဲ"ဟု ကျွန်တော်က မေး လိုက်၏။

"နင့်သူငယ်ချင်း ကျောင်းဆရာ မောင်လှမောင်က စာရေး လိုက်တယ်.... ကိုင်းစကားများမနေနဲ့ ငရန်၊နင် ခွင့်ယူပြီး အစ်မနဲ့ အတူလိုက်ခဲ့ဘို့သာ ပြင်ပေတော့...."

အမေ့စကားကို ကျွန်တော် နှစ်သက်ပေသည်။ ကျွန်တော်တ ယောက်တည်း နေရလျှင် သွားလေသူ ကျွန်တော့်ဇနီးကိုသာလျှင် လွမ်းဆွတ်တသ သတိရကာ အပူဇာတ်ခင်းနေမည်မှာ သေချာ သည်။ အပူဇာတ်လည်း လပေါင်းများစွာ ခင်းခဲ့ရလေပြီ။

ထို့ကြောင့် ခွင့် ၃ လ ယူကာ အမေနှင့်အတူ ကျွန်တော့်ဇာ တိချက်ကြွေ မွေးရပ်မြေသို့ ပြန်ခဲ့ရလေတော့သတည်း။

× × × ×

ကိုယ့်ဇာတိ ရပ်ရွာသို့ ပြန်ရောက်သောအခါတွင်ကား စိတ် သစ်လူသစ်ဖြစ်ကာ သာယာကြည်နူးသယောင် ဖြစ်ရတော့သည်။

မိဘများ၊ နှမများ၊ အမျိုး-အဆွေ မိတ်သင်္ဂဟ သူငယ်ချင်း များနှင့်တွေ့ကာ စပ်မိစပ်ရာ စကားများကို ပြောနေရသောအခါ တွင် ကျွန်တော့် အပူအဆွေးမှာ ငြိမ်း သက်သာသကဲ့သို့ ဖြစ်ရ သော်လည်း၊ တကိုယ်တည်း တယောက်တည်း နေရသောအခါ တွင်ကား အနာဟောင်း ထကာ လွမ်းရ- ဆွေးရ ပြန်လေ သည်။

ဆောင်းရာသီဖြစ်ရာ ကျွန်တော်တို့ အရပ်မှာ ခိုက်ခိုက်တုန် အောင် ချမ်းလှသဖြင့် တနေ့သော နံနက် ၄ နာရီခန့်တွင် ကျွန် တော်အိပ်ရာမှ နိုးလာတော့သည်။

အပေါ့အပါးသွားရန် အိမ်အောက်သို့ ဆင်းလာသောအခါ တွင် ထူးဆန်းသော မြင်ကွင်းကို တွေ့ရတော့၏။ ကျွန်တော်တို့ အိမ်ရှေ့တွင် မီးပုံကလေး ဖိုထား၏။ ထိုမီးပုံဘေးတွင် မိန်းမပျို ကလေးတယောက် မီးလှုံနေသည်ကို တွေ့ရသည်။

ကျွန်တော်တို့ တအိမ်သားလုံး မည်သူမျှမနိုးကြ-မထကြသေး သဖြင့် ဤမီးလှုံနေသော မိန်းမပျိုသည်ပင်လျှင် မီးပုံကလေး ဖိုထားခြင်း ဖြစ်မည်ဟု တွေးမိသည်။

အဘယ်ကြောင့် ကျွန်တော်တို့ အိမ်ရှေ့တွင် မီးလာ၍ ဖိုလေ သနည်း။ ထိုမိန်းမပျိုသည် မည်သူ မည်ဝါ ဖြစ်လေသနည်း။

ကျွန်တော်သည် မီးပုံအနီးတွင် ထိုင်ကာ မိန်းမပျိုအား အကဲ



ခတ်၍ကြည့်မိသည်။မျက်နှာကလေးကား ကြည်လင်ရွှန်းပ ချစ်စ ရာ့ မျက်နှာကလေးပင်ဖြစ်သည်။ မျက်ခုံး- မျက်လုံး- နှာတံ- ပါး စပ် အားလုံး တင့်တယ်လှပလျက် မိန်းမချောကလေးဖြစ်သည်။ အသားအရေမှာ ဝင်းဝါ၍နေ၏။ကိုယ်လုံး ကိုယ်ပေါက်ကလေးမှာ လည်း ကြော့ရှင်း တောင့်တင်းလှပေသည်။

ကျွန်တော်၏ အချစ်ပူ အချစ်ဆွေးကို ပျောက်ကင်းအောင် ကုသပေးရန်အတွက် နတ်ကောင်း နတ်မြတ်များက ဖန်ဆင်း၍ ပြခြင်းပေလော။

ကျွန်တော်သည် မိန်းမပျိုအား နှုတ်ဆက်စကား ပြောကြည့် မည်ဟု ကြံစည်စဉ်တွင်ပင် မိန်းမပျိုသည် မီးပုံအနီးမှထကာ တန့်ခ နွဲ့ ထွက်သွားလေတော့သည်။

ကျွန်တော့်မှာ အံ့သြစွာဖြင့် ငေးမော ကျန်ရစ်ခဲ့ရ၏။ အတန် ကြာလျှင် ကျွန်တော့်အမေ အိပ်ရာမှ ထကာ မီးလှုံရန် ရောက်လာ သည့်အခါတွင်မှ "အစ်မ....ခုတင်က ဒီမီးပုံနားမှာ မိန်းကလေးတ ယောက် တွေ့ရတယ်....ဘယ်ကလဲ"ဟု မေးကြည့်မိသည်။

"မခင်နွဲ့ပါကွဲ၊ မင်း မမှတ်မိတော့ဘူးထင်ပါရဲ့" ဟုအမေက ပြော၏။

"ဘယ်က မခင်နွဲ့လဲ၊ ဒီနာမည်ကိုလဲ ကျွန်တော် မကြားဘူး ဘူး၊ သူ့ကိုလဲ တခါမှ မမြင်ဘူးဘူး...."

“အေး....ဟုတ်တယ်။မင်း ဘယ်မှတ်မိတော့မလဲ။ ဒီအရပ်ထဲက ကိုသာဇံ၊ မမိတို့ သမီးလေ။ မခင်နွဲ့ ငယ်ငယ်က မြင်ကွန်းကို ပြောင်းသွားကြတယ်။ မကြာသေးခင်က သူ့အဖေဆုံးလို့ သူ့ အမေနဲ့ ဒီရွာကို ပြန်လာကြတာ....”

“ကျွန်တော်တို့အိမ် စောစော စီးစီးလာပြီး ဘာပြုလို့ မီးလှုံ ရတာလဲ”ဟု ကျွန်တော်က အံ့သြသံဖြင့် မေးလိုက်၏။

“မခင်နွဲ့က မင်းနှမ မသန်းနွယ်နဲ့ အင်မတန်ချစ်ကြတယ်။ ညအိပ်ယင် မသန်းနွယ်နဲ့ အဘူလာအိပ်တယ်။ မခင်နွဲ့က မနက် စောစောထပြီး တို့လှုံဘို့ မီးဖိုပေးသွားတာပါ”

“သူလာအိပ်တာ ကျွန်တော်မသိပါလား” ဟု ကျွန်တော်က မေးလိုက်၏။

“သူက ညဉ့်နက်မှ လာတာကိုးကွဲ့”မင်းက စောစော အိပ်ရာဝင်တော့ ဘယ်သိမလဲ။ မနက်လဲ အစောကြီး ထပြန်တယ်”

ကျွန်တော်သည် မခင်နွဲ့အကြောင်းကို တစိမ့်စိမ့်တွေးနေမိသည်။ မခင်နွဲ့၏ မျက်နှာကလေးကို တရေးရေး ထင်မြင် ပေါ်ပေါက်နေမိသည်။ ယင်းသို့ ဘွေးတော ထင်မြင်နေသော အခိုက်အခါတွင် ကျွန်တော်၏ ပူမှုဆွေးမှုတို့သည် ငြိမ်းအေးပျောက်ကွယ် သွားသယောင် ထင်ရတော့သည်။

မည်သို့ပင် ဖြစ်စေ၊ မခင်နွဲ့ကို ကျေးဇူးတင်မိသည်။ ပူပန်

ဆွေးမြေ့ခြင်းဟူသည် အတိတ်ဖြစ်စဉ်ကို ပြန်လည် တွေးတော စမြုံ့ပြန်သောကြောင့်ပူရ ဆွေးရခြင်းသာလျှင်ဖြစ်၏။ ယင်းသို့ ပြန်လည်တွေးတောခြင်းကို မပြုပါဘူးဟု ဆုံးဖြတ်တားမြစ်၍မရ။ ပြန်၍ပြန်၍ တွေးတောမိကာ ပို၍ပို၍ ဆွေးရပြန်သည်။ ယင်းသို့ ပြန်လည်တွေးတောခြင်းကို ပယ်ဖျောက်ရန်ကား တွေးတောစဉ်းစားခြင်းကို လမ်းလွှဲကာ ပူစရာမှ ကြည်နူးစရာသို့ ကူးပြောင်းပေးခြင်းပင် ဖြစ်သည်။

ကျွန်တော်သည် ဇနီးဟောင်းအကြောင်း တွေးတော ပူပန်မိသည့်အခါတိုင်း မခင်နွဲ့အကြောင်းကို တွေးခြင်းဖြင့် စိတ်ပြောင်းလဲ ဖြေသိမ့်ကာ သာယာကြည်နူးမှုကို ရှာရတော့သည်။

ယင်းသို့ အပူအဆွေးကို အကြည်အအေးဖြင့် အစားထိုးရပန်များလတ်သောအခါ ဇနီးဟောင်း၏ နေရာတွင် မခင်နွဲ့ ရောက်ရှိလာသလို ဖြစ်ရလေတော့သည်။

တိုတိုဆိုရလျှင် ကျွန်တော်သည် မခင်နွဲ့ကို တွယ်တာစွဲမက်၍ နေပြီဖြစ်၏။ ယင်းသို့ တွယ်တာစရာ ရှိသောကြောင့်ပင်လည်း အတိတ်ရဲ့ ဒဏ်ရာ ဒဏ်ချက်များ လျော့ပါး သက်သာခွင့် ရလေတော့သည်။

ကျွန်တော်သည် မခင်နွဲ့နှင့် တွေ့လိုဆုံလို စကားပြောလိုသည့်ဆန္ဒ ပေါ်လာ၏။ သူ့မျက်နှာကလေးကို မြင်ရလျှင် ဘဝင်

အေးပေလိမ့်မည်။ သူ့အသံကလေးကို ကြားရလျှင် နားချမ်းသာ ပေလိမ့်မည်။ ထိုအခိုက်တွင် ကျွန်တော်သည် အတိတ်ကို လုံးဝ မေ့နိုင်မည်ဖြစ်၏။

မခင်နွဲ့နှင့် တွေ့ရန်အတွက် တနေ့သော နံနက်တွင် ကျွန် တော်အစောကြီးထ၏။ သို့သော် မခင်နွဲ့ကိုလည်း မတွေ့ရ။ မခင်နွဲ့ ဖိုထားသော မီးပုံကလေးကိုလည်း မတွေ့ရသဖြင့် ရင်ထဲမှ ဟာ၍ သွားတော့၏။

ထို့ကြောင့် အမေ့အား "မခင်နွဲ့ ကျွန်တော်တို့အိမ် လာမ အိပ်တော့ဘူးလား" ဟု မေးလိုက်၏။

"အေး မအိပ်တော့ဘူး ဘာပြုလို့လဲဆိုတော့ သူကလဲအပျို၊ မင်းကလဲ လွတ်လွတ်လပ်လပ်ဆိုတော့ တခြားလူတွေက တမျိုးတ မည် ထင်စရာဖြစ်မှာစိုးလို့"

ကျွန်တော် ကံဆိုးလှသည်ဟု တွေးမိသည်။ ကျွန်တော်စိတ် ပြေလက်ပျောက် ကြည့်ရှုကာ နှစ်သိမ့်ကြည်နူးနိုင်သည့် မခင်နွဲ့ ကို မတွေ့ရ မမြင်ရပြန်ချေတကား။

ကျွန်တော်ယူထားသည့် ခွင့် ၃ လစေ့သဖြင့် ရန်ကုန်သို့ပြန် ခါနီးသောအခါ အမေသည် စကားထူး ဆိုလေတော့သည်။

"မင်း ပြန်သွားယင် သားမယားမရှိတဲ့အတွက် တယောက်ထဲ ယောင်လယ်လယ် ဖြစ်နေလိမ့်မယ်။ နောက်ပြီးတော့ မင့်မယား



ဆိုးကို တွေးတောတမ်းတယင်း စိတ်လက်မကောင်း ဖြစ်နေလိမ့်မယ်။ ဒါ့ထက် ဆိုးတာကတော့ မင့်မယားဆိုးနဲ့ မတော်တဆ ပြန်ပေါင်းမိယင် မင့်ဘဝဟာ ရေတိမ် နစ်တော့မှာဘဲ။ ဒါကြောင့် မင့်ကို မိန်းမ ပေးစားလိုက်ချင်တယ်”

ကျွန်တော် အံ့သြ၍သွား၏။ ဝမ်းသာရမည်လား၊ ဝမ်းနည်းရလားဟု ခွဲခြား၍ မသိနိုင်အောင် ဖြစ်ရ၏။ အမေပြောသည့် အချက်အလက်တို့ကား မှန်သည်ချည်း ဖြစ်သည်ဟု ထင်မိ၏။

“ဘယ်သူနဲ့ ပေးစားမှာလဲ အစ်မ”

“ဘယ်သူ ဖြစ်ရမှာလဲ.... မခင်နွဲ့နဲ့ပေါ့”

ကျွန်တော်ကျေနပ်နှစ်သိမ့်၍ သွားမိသည်။ ဤဝေဒနာမျိုးကို ဤဆေးနှင့် ကုမှသာလျှင် ပျောက်မည် မဟုတ်ပါလော။

ကျွန်တော် ပြန်ခါနီးတွင် မခင်နွဲ့နှင့် အတင့်အတယ် ထိမ်းမြား မင်္ဂလာပြု၍ ပေးသည်။

ကျွန်တော့်ဘဝကား ဆန်းကြယ်၏။ ပဌမအိမ်ထောင်တွင် တစုံတရာ လက်ထပ်ထိမ်းမြားခြင်း မပြုဘဲ နှစ်ဦးသဘောတူ လင်မယားအဖြစ် နေလိုက်ကြသည်။ ဒုတိယအိမ်ထောင်တွင်မှ ထိမ်းမြားမင်္ဂလာ ခမ်းနားစွာ ပြုရ၏။

ကျွန်တော် ရန်ကုန်သို့အပြန်တွင် ဇနီးသစ်ကလေး မခင်နွဲ့ ပါ၍လာတော့သည်။

မခင်နွဲ့ကား ရုပ်ကလေး ချောသလောက် သဘောသကာယ ကောင်းလှပေသည်။ ကျွန်တော့်မှာ သူ၏အချစ်ဦး အိမ်ထောင် ဦးဖြစ်ရာ မခင်နွဲ့သည် ကျွန်တော့်အား ချစ်ခင်ကြင်နာလှစွာ အလိုလိုက်သည်။ အကြိုက်ကို ပြုသည်။ ကျွန်တော် စိတ်မချမ်း မသာ ဖြစ်မည့်ကိစ္စမှန်လျှင် မည်သည့် အမှုကိုမျှ မပြုဘဲ ရှောင် ကြဉ်လျက် ကျွန်တော် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပျော်မွေ့မည့် ကိစ္စကိုသာလျှင် အမြဲ ဆောင်ရွက်အားထုတ်ရှာသည်။

ကျွန်တော်တို့ ဇနီးမောင်နှံမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့်ပြည့်စုံစွာ ပျော်မွေ့ရွှင်ပျ ပီတိသုခ ဖြစ်ကြသည်။ သွားစရာလာစရာရှိလျှင် လက်ချင်းတွဲကာ ယှဉ်နွဲ့သွားလာကြ သည်။ စားစရာရှိလျှင် တယောက်ကိုတယောက် ခွံ့ကျွေး၍ အားမရဖြစ်ရသည်။ တယောက်ကိုတယောက် ကြည့်ကာ ပီတိ ဖြစ်ကြရ၏။ တယောက်၏စကားကို တယောက် နားသောတ ဆင်ကာကြည်ရွှင် ပျော်မွေ့ကြရသည်။ အဆုံးကို ဆိုရလျှင် ည အိပ်ခါနီးတွင်ပင် ရုတ်တရက် မအိပ်နိုင်ကြသေးဘဲ ရှေးဟောင်း နှောင်းဖြစ်တွေကို ပြောဆိုစမြုံ့ပြန်ကြယင်း တခိခိနှင့် ပီတိသော မနသ ဖြစ်ကြရလေသည်။

သို့သော်.... လာပါချေပြီ။ ကျွန်တော့်ဘဝတွင် "သို့သော်" ပေါင်း မြောက်မြားစွာကို တွေ့ခဲ့ရပါ၏။ကိစ္စ ဝိစ္စ အဝဝပြည့်စုံ အ

ဆင်ပြေနေလျှင် "သို့သော်"ဟု ပြောစရာအနှောင့်အယှက်တွေ့ရ၍ လာတတ်သည်။

လူ့ဘဝဟူသည် စင်းလုံးချော အဆင်ပြေသည်ဟူ၍ မရှိဘဲ "သို့သော်...."ဟူသော အနှောင့်အယှက် အဖုအထစ်တွေပြည့်လျှံ၍ နေချေ၏တကား။

ကျွန်တော်တို့ ဇနီးမောင်နှံမှာ တယောက်နှင့် တယောက် မျိုးထားလုမတတ် ချစ်ခင်ကြင်နာပါသော်ငြားလည်း စိတ်မချမ်းသာစရာကိစ္စနှင့် ကြုံတွေ့ရလေတော့သည်။

အနောက်ဖက် ဒေသ ဥရောပ တခွင်တွင် ကမ္ဘာစစ်မီး တဟည်းဟည်း လောင်မြိုက်နေရာမှ အရှေ့တိုင်းတခွင်သို့ စစ်မီးကူးစက်တော့မည့် အရိပ်အရောင် ပေါ်လာတော့သည်။

စစ်ဖြစ်တော့မည် တကဲကဲ ဖြစ်နေ၏။ စစ်အတွက်ပြင်ဆင်မှုတွေကိုလည်း တွေ့ရသည်။ကာကွယ်ရေးတပ်များ၊ မီးသတ်သမားများသည် ခြေချင်းလိမ်ကာ အလုပ်ရှုပ်နေကြသည်။ မကြာခဏ အစမ်း မှောင်ချသည်။

အချက်ပေးဥသြသံကြီးကား မကောင်းဆိုးရွားကို မြင်သဖြင့် အူလိုက်သော ခွေးနက်ကြီး၏ အသံနှင့်တူလှကာ ကြက်သီးမွေးညင်း ဖြာမိတော့သည်။

လူကိုင်းပင် ကျီးလန့်စာစား ဖြစ်ကြရ၏။ စစ်ဖြစ်လာလျှင်

မည်သည့်အရပ်သို့ ပြေးလွှားပုန်းရှောင်ရမည်ကို စိစဉ်ထားကြရ သည်။ အထုပ်အပိုးများ ပြင်ကြရသည်။ အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် အိပ်ရမှန်း စားရမှန်း မသိငလာက်အောင် ပူပန် လောင်မြိုက် သောကမီး တိုက်ခြင်း ခံကြရသည်။

ထိုအထဲတွင် ကျွန်တော်တို့ ဇနီးမောင်နှံလည်း ပါလေရာ၊ ကျွန်တော်တို့မှာ ချစ်စ ကြင်နာစတွင်၊ ချစ်၍အားမရ- ရှင်ပျှ၍ တင်းမတိမ်နိုင် ဖြစ်ရသည့်အချိန်တွင် စစ်တည်းဟူသော မကောင်း ဆိုးရွားကြီးသည် ကျွန်တော်တို့၏ ပျော်ရွှင်နှစ်သိမ့်ခြင်းကို ဖြိုခွင်း ချေမှုန်းလိုက်ချေပြီတကား။

ကျွန်တော့်မွေးနေ့.... ဒီဇင်ဘာလ ၈ ရက်၊ နတ်တော် လဆုတ် ၆ ရက်။

ဂျပန်နှင့် အင်္ဂလိပ်တို့စစ်ဖြစ်ပြီဟု ကျေညာလေတော့သည်။ ကျွန်တော်တို့သည် နေမထိ-ထိုင်မသာထိတ်လန့်တုန်လှုပ်ကာထိုနေ့ တွင်ပင် ဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်ခဲ့ကြ၏။ လာမည့်ဘေး ကို တွေး၍ ကြောက်ကာ မစားနိုင် မအိပ်နိုင်ဖြစ်ကြရသည်။

ယင်းသို့ တတွေးတွေး-တဆွေးဆွေးနေယင်း တွင်ပင် အင်္ဂလိပ် စစ်တပ်များ အုပ်ချုပ်ရေးအရာရှိများ ဆုတ်ပြေး ထွက်ခွါသွားကြ လေရာ မင်းမဲ့တိုင်းပြည်ဖြစ်လျက် တောကြောင်များကို ကြောက် ရွံ့နေကြရသည်။

တောကြောင်ထက်ဆိုးသော ဂျပန်ကြောင်များ ရောက်လာကြချေပြီ။ ကျွန်တော်တို့သည် မြို့ပေါ်တွင် မနေဝံ့တော့ဘဲ တောရွာများသို့ တရွာပြီး တရွာ ရွှေ့ပြောင်း ပုန်းရှောင် နေကြရ၏။ ယင်းသို့ ပုန်းရှောင်ယင်း ပြဿနာတခု ပေါ်လာ ပြန်လေသည်။

အချစ်ရေးထက် စစ်ရေးခက်၏။ စစ်ရေးထက် ဝမ်းရေးခက်လှပေသည်။

ကျွန်တော်၏ချစ်ဇနီး မခင်နွဲ့ကို သူ့မိခင်နှင့်အတူ တောရွာတွင် ထားခဲ့ကာ ကျွန်တော်မှာ ပရိယေသနဝမ်းစာ ရှာဖွေရန် အတွက် ရန်ကုန်သို့ သက်ဆင်းခဲ့ရလေသည်။

မခင်နွဲ့ကား တရှုပ်ရှုပ်ငိုယိုကာ ကျန်ရစ်ခဲ့ရှာ၏။ ကျွန်တော့်မှာလည်း ရင်ထဲမှာ ဆို့ကာ မျက်ရည်စို့၍ နေမိသည်။

ကျွန်တော် ရန်ကုန်သို့ ရောက်သောအခါတွင်ကား မခင်နွဲ့နှင့် လုံးဝ အဆက်ပြတ်နေတော့၏။ စာတိုက်မှစာပေး၍ မရနိုင်။ လူကြုံကလည်း မရှိသဖြင့် တယောက်နှင့်တယောက် မာကြောင်း သာကြောင်းမျှ မသိနိုင်။ ငွေကြေးကလေး ပို့ချင်ပါသော်ငြား လည်း မပို့ရဖြစ်တော့၏။

တနေ့တွင်ကား ကျွန်တော်တို့ရွာမှ လူတယောက်သည် ကျွန်တော့်ထံရောက်လာ၏။ ထိုသူက သတင်းထူးကြီးတခုကို ပြောပြ

၏။ ထိုသတင်းဆိုးကြီးကို ကျွန်တော် ကြားလိုက်ရသောအခါ မျက်စိတွေ ပြာသွားလျက် သတိ လစ်သလို ဖြစ်ရ လေတော့သည်။

"မခင်နွဲ့ .... ဆုံးဘိ...."

ကျွန်တော် ဘာစကားမျှ မပြောနိုင်တော့ဘဲ ငေးငိုင်နေမိတော့သည်။ကျွန်တော်၏ အိမ်ထောင်ရေးကား တကွက်ကလေးမျှ အဆင်မပြေပါပေတကား။

ပဌမ အိမ်ထောင်နှင့် ကြည်ဖြူ ရှင်ပျ နေခဲ့ရစဉ်ကလည်း မမြော်လင့်သော ကိစ္စကြုံတွေ့ရသဖြင့် ရှင်ကွဲ ကွဲခဲ့ရသည်။ ယခု မခင်နွဲ့နှင့် ချစ်ခင်ရှင်ကြည် သက်ဆုံးတိုင် နေမည်ဟု အားခဲပြန်တော့လည်း သေမင်းခွဲ၍ ကွဲရပြန်ချေပြီ။

ဘဝဟူသည် ဒုက္ခသောကတို့ပြွမ်းရာ ငရဲဘုံတမျိုးပါတကား။ ဤဘဝသာလျှင် ဆိုးသည်မဟုတ်။ ဤဘဝ- ထိုဘဝ- ဘယ်ဘဝမျှ ကောင်းလှမည်မဟုတ်။ ဘဝဟူသည် အဆိပ်သီးနှင့်တူလှပါပေ၏။ အဆိပ်သီးကား ချိုမြိန် ကောင်းမြတ်သော အရသာတမျိုးမျိုး ရှိမည်ကားမှန်၏။ သို့သော် အဆိပ်မကင်းသဖြင့် တနေ့နေ့တွင် အဆိပ်သင့်ကာ မရှုမလှ ခံရမည်မှာ သေချာလှပေ၏။

သံသရာတခွင်တွင် ကျင်လည်ရမည့် ဘဝထိုထိုတို့သည် ဒုက္ခအတိသာတကား။ အဆိပ်သီးနှင့်မခြား မှန်စွာ တူလှပါပေ၏။

"ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကျွေကျွင်းနောက်ဆုံး ရှိချေ၏တကား။ "

ကျွန်တော်၏ ဘဝကို တွေးကာ လက်တွေ့ဆေးမီးတိုကလေး တခု ပေးလိုလှပါ၏။

"ချစ်မယားနှင့်၊ ချစ်သားချစ်သမီး၊ချစ်စိတ်သည်း၍၊ မငြိုးရှုဘွယ်၊ နားဝယ်သာယာ၊ ဖြာဖြာပီတိ၊ ဂွမ်းဆီထိသို့၊ ငြိတွယ်ပေမ၊ သမုဒယကား၊ ဒုက္ခစင်စစ်၊ အမှန်ဖြစ်၏။ ချစ်ကြခင်ကြ၊ ကြင်နာကြလည်း၊ ကွဲရတနေ့၊ တွေ့မည်သောက၊ ပူဗျာခလိမ့်။ ဘဝထိုထို၊ ဥဒဟိုတွင်၊ ချစ်ပိုကြင်နာ၊ မခွါအတူ၊ နေချင်မူလည်း၊ ဘယ်သူမဖြစ်၊ ဆိုးညစ်ဝိပရိ၊ ဖောက်ပြန်ဘိ၍၊ အမိနှင့်သား၊မယားနှင့်လင်၊ဖခင်ရင်သွေး၊ ကွာဝေးရှင်လွဲ၊ သေကွဲ-ရှင်ကွာ၊ ဓမ္မတာကို၊ ဘယ်ခါမပြတ် ခံရတတ်၏။ မပြတ်ဘဝ၊ဒုက္ခဖုံဖုံ၊ဆန်စုန်မျောပါ၊သံသရာမှ၊ လွှတ်ရာလွှတ်ကြောင်း၊ ကျွတ်ဆုတောင်း၍၊ ကောင်းမြတ်နိဗ္ဗာန်၊ ရည်စူးလော့"။ ။

---

စာပေဗိမာန် ပုံနှိပ်တိုက် ၃၆၁၊ ပြည်လမ်းတွင် ရိုက်နှိပ်၍
စာတည်းမှူး ဦးမြတ်စိုးက တာဝန်ခံထုတ်ဝေသည်။

# ဗမာ့ပုဂ္ဂိုလ်ထူး၊ ကမ္ဘာ့ပုဂ္ဂိုလ်ထူးများ
# အကြောင်းဖတ်ပြီးကြပြီလား

မဖတ်ရသေးလျှင် အောက်ပါ ပြည်သူ့လက်စွဲစာစဉ်များကို
ဆိုင်တိုင်းတွင်မေး၍ ဝယ်ပါ

| | | |
|---|---|---|
| လယ်တီဆရာတော် | — အောင်သူ | ရေးသည် |
| ဒေါက်တာဆွန်ယက်ဆင် | — သာညွန့် | ။ |
| သာသနာ့ဒါယကာ နော်ရထာ | — မျိုးသန့် | ။ |
| ခေါင်းဆောင်ဂန္ဒီ | — မောင်ဖြိုး | ။ |
| မဂဒူး | — ညွန့်ဦး | ။ |
| ဟိုဆေရီဇော် | မျိုးသန့် | ။ |
| ရှင်မဟာရဋ္ဌသာရ | သာညွန့် | ။ |
| ရှင်စောပု | — အောင်သူ | ။ |
| စစ်သူကြီး မဟာဗန္ဓုလ | — ရင်း | ။ |
| စာဆိုဦးပုည | — မောင်ဖြိုး | ။ |
| သူရမင်းဒင် | — မျိုးသန့် | ။ |

တအုပ်လျှင် ၂၅-ပြားမျှသာ